**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ**

# မြန်မာနိုင်ငံဆေးကောင်စီဥပဒေ

**( နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ်၊ ၁/၂၀၀၀ )**

၁၃၆၁ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်

( ၂၀၀၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၄ ရက် )

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပါယ်ဖော်ပြချက်

၁။ ဤဥပဒေကို မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ် သက်ရောက်စေရမည်။

(က) **ဆေးပညာ** ဆိုသည်မှာ ကျန်းမာမှုအဆင့်မြှင့်တင်ခြင်း၊ ရောဂါကြိုတင်ကာကွယ်ခြင်း၊ ရောဂါစစ်ဆေးရှာဖွေခြင်း၊ ရောဂါကုသခြင်း၊ ကျန်းမာမှုပြန်လည်ထူထောင်ခြင်း၊ သုတေသနပြုခြင်းအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအားလုံးနှင့် စပ်ဆိုင်သော ပညာရပ်ကိုဆိုသည်။

(ခ) **ကောင်စီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် မြန်မာနိုင်ငံဆေးကောင်စီကို ဆိုသည်။

(ဂ) **ကောင်စီဝင်** ဆိုသည်မှာ မြန်မာနိုင်ငံဆေးကောင်စီဝင်တစ်ဦးဦးကို ဆိုသည်။

(ဃ) **မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ မြန်မာနိုင်ငံဆေးကောင်စီက ဤဥပဒေအရ ထုတ်ပေးသောဆရာဝန်မှတ်ပုံတင်လက်မှတ်ကို ဆိုသည်။

(င) **မှတ်ပုံတင်ဆရာဝန်**ဆိုသည်မှာ ဆရာဝန်မှတ်ပုံတင်စာရင်းတွင် အမည်တင်သွင်းခြင်း ခံရပြီး ဆရာဝန်မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းခံရသူကို ဆိုသည်။

(စ) **ဆေးကုသခွင့်လိုင်စင်** ဆိုသည်မှာ မြန်မာနိုင်ငံဆေးကောင်စီက ဤဥပဒေအရ ထုတ်ပေးသော အထွေထွေဆေးကုသခွင့်လိုင်စင်၊ အထူးဆေးကုသခွင့်လိုင်စင်နှင့် ကန့်သတ်ဆေးကုသခွင့်လိုင်စင်တို့ကို ဆိုသည်။

(ဆ) **အထွေထွေဆေးကုသခွင့်လိုင်စင်** ဆိုသည်မှာ အသိအမှတ်ပြုထားသော အခြေခံ ဆေးပညာဘွဲ့ရရှိပြီး သတ်မှတ်ထားသည့် အလုပ်သင်ကာလပြီးဆုံးပြီးသော မှတ်ပုံ တင်ဆရာဝန်အား မြန်မာနိုင်ငံဆေးကောင်စီက ထုတ်ပေးသော ဆေးကုသခွင့် လိုင်စင်ကိုဆိုသည်။

(ဇ) **အထူးဆေးကုသခွင့်လိုင်စင်** ဆိုသည်မှာ အသိအမှတ်ပြုထားသောဘွဲ့လွန်ဒီဂရီ၊ ဘွဲ့လွန်ဒီပလိုမာရရှိပြီး သတ်မှတ်ထားသည့် အရည်အချင်းပြည့်မီသော မှတ်ပုံတင် ဆရာဝန်အားလည်းကောင်း၊ သက်ဆိုင်ရာဆေးပညာဘာသာရပ်အတွက် အရည် အချင်းပြည့်မီ၍ ကျွမ်းကျင်မှုရှိသည်ဟု သတ်မှတ်ခြင်းခံရသော မှတ်ပုံတင်ဆရာဝန် အားလည်းကောင်း မြန်မာနိုင်ငံဆေးကောင်စီက ထုတ်ပေးသော ဆေးကုသခွင့် လိုင်စင်ကို ဆိုသည်။

(ဈ) **ကန့်သတ်ဆေးကုသခွင့်လိုင်စင်** ဆိုသည်မှာ နိုင်ငံခြားသားဆရာဝန်အား ကုသခွင့် ရှိသော ဆေးပညာဘာသာရပ်အမျိုးအစား၊ ကုသခွင့်ရှိသောနေရာ ဒေသနှင့် အချိန် ကာလများကို ကန့်သတ်၍ မြန်မာနိုင်ငံဆေးကောင်စီက ထုတ်ပေးသော ဆေးကုသ ခွင့်လိုင်စင်ကိုဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အရည်အသွေးမီ၍ ထိရောက်သောကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အများပြည်သူတို့ခံစားခွင့် ရရှိစေရန်၊

(ခ) ဆရာဝန်များ၏ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေး၊ အဆင့်အတန်းကို ထိန်းသိမ်းမြှင့်တင်ရန်၊

(ဂ) ဆေးပညာကို ခေတ်နှင့်အညီ အဆင့်အတန်းမြင့်မားစွာ လေ့လာသင်ကြားနိုင်စေရန်၊

(ဃ) ဆေးပညာတိုးတက်မှုကို ဆရာဝန်များ စဉ်ဆက်မပြတ်လေ့လာဆည်းပူးနိုင်စေရန်၊

(င) ဆရာဝန်များ၏ ဂုဏ်သိက္ခာထိန်းသိမ်းမြှင့်တင်နိုင်ရန်၊

(စ) ဆရာဝန်၏ ကျင့်ဝတ်သိက္ခာများနှင့်အညီ လိုက်နာစောင့်ထိန်းရေးအတွက် ကြီးကြပ်ကွပ်ကဲနိုင်ရန်။

## အခန်း(၃)
## မြန်မာနိုင်ငံဆေးကောင်စီ ဖွဲ့စည်းခြင်း

၄။ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးသည် -

(က) အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါပုဂ္ဂိုလ်များပါဝင်သော မြန်မာနိုင်ငံဆေးကောင်စီကို ဖွဲ့စည်းရမည် -

(၁) ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ သက်ဆိုင်ရာညွှန်ကြားရေးမှူးချုပ်များ၊

(၂) ကာကွယ်ရေးဝန်ကြီးဌာန၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူး၊

(၃) ဆေးတက္ကသိုလ်ပါမောက္ခချုပ်များ၊

(၄) တပ်မတော်ဆေးတက္ကသိုလ် ပါမောက္ခချုပ်၊

(၅) မြန်မာနိုင်ငံဆရာဝန်အသင်းဥက္ကဋ္ဌ၊

(၆) ပြည်နယ်၊ တိုင်းကျန်းမာရေး ဦးစီးဌာနမှူးများ၊

(၇) ဆေးတက္ကသိုလ်ဥပဒေရေးရာ ဆေးပညာဌာန ပါမောက္ခဌာနမှူးများ၊

(၈) တပ်မတော်ဆေးတက္ကသိုလ်၊ ဥပဒေရေးရာဆေးပညာဌာန ပါမောက္ခဌာနမှူး ၁ ဦး၊

(၉) ဆေးတက္ကသိုလ်များမှ ဝါရင့်ပါမောက္ခဆရာဝန် ၁ ဦးစီ၊

(၁၀) တပ်မတော်ဆေးတက္ကသိုလ်မှ ဝါရင့်ပါမောက္ခ ဆရာဝန် ၁ ဦး၊

(၁၁) မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့မှ ကိုယ်စားလှယ် ၃ ဦး၊

(၁၂) အငြိမ်းစားဆရာဝန် ၃ ဦး၊

(၁၃) ပြည်နယ်နှင့်တိုင်းအသီးသီးရှိ ဆေးကုသခွင့်လိုင်စင်ရ ဆရာဝန်များက မိမိတို့အနက်မှ ရွေးချယ်တင်မြှောက်သော အစိုးရဝန်ထမ်းမဟုတ်သူ ၁ ဦးစီ။

(ခ) ပုဒ်မခွဲ(က) အရ ကောင်စီဖွဲ့စည်းရာတွင် ဥက္ကဋ္ဌ ၁ ဦး၊ အတွင်းရေးမှူး ၁ ဦးနှင့် တွဲဖက်အတွင်းရေးမှူး ၁ ဦးတို့ကို သတ်မှတ်ပေးရမည်။

၅။ ကောင်စီသည် ကောင်စီဝင်တစ်ဦးဦးအား ဘဏ္ဍာရေးမှူးအဖြစ် တာဝန်ပေးအပ်နိုင်သည်။ ယင်းသို့တာဝန်ပေးအပ်ခြင်းမရှိလျှင် ကောင်စီအတွင်းရေးမှူးသည် ဘဏ္ဍာရေးမှူးအဖြစ် ဆောင်ရွက်ရမည်။

၆။ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးသည် ကောင်စီ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော အလုပ်အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (က) | ကောင်စီဥက္ကဋ္ဌ | ဥက္ကဋ္ဌ |
| (ခ) | ကောင်စီဝင် ၂ ဦး | ဒုတိယဥက္ကဋ္ဌများ |
| (ဂ) | ကောင်စီဝင် ၁၀ ဦး | အဖွဲ့ဝင်များ |

(ဃ) ကောင်စီအတွင်းရေးမှူး အတွင်းရေးမှူး

(င) ကောင်စီတွဲဖက်အတွင်းရေးမှူး တွဲဖက်အတွင်းရေးမှူး

၇။ (က) ကောင်စီ၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်ကြိမ်လျှင် ၄ နှစ် ဖြစ်သည်။

(ခ) ကောင်စီဝင်များ၏သက်တမ်းသည် ကောင်စီ၏သက်တမ်းနှင့်အညီဖြစ်သည်။

(ဂ) ကောင်စီဝင်တစ်ဦးသည် ကောင်စီဝင်သက်တမ်းတစ်ဆက်တည်း သုံးကြိမ်အထိသာ ကောင်စီဝင်အဖြစ် ဆောင်ရွက်နိုင်သည်။

(ဃ) ကောင်စီဝင်တစ်ဦးဦး၏ နေရာလစ်လပ်သည့်အခါ ပုဒ်မ ၄၊ ပုဒ်မခွဲ(က)ပါအတိုင်း အစားထိုးခန့်ထားခြင်း သို့မဟုတ် ရွေးချယ်တင်မြှောက်ခြင်းဖြင့် ဖြည့်စွက်ရမည်။ ထိုသို့ဖြည့်စွက်ခြင်းခံရသော ကောင်စီဝင်၏ သက်တမ်းသည် လက်ရှိကောင်စီ သက်တမ်းကုန်ဆုံးချိန်အထိသာ ဖြစ်စေရမည်။

(င) ကောင်စီသည် သက်တမ်းကုန်ဆုံးသည့်အခါ ကောင်စီအသစ်ဖွဲ့စည်းပြီးသည်အထိ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

၈။ ကောင်စီဖွဲ့စည်းခြင်း၊ အလုပ်အမှုဆောင်အဖွဲ့ ဖွဲ့စည်းခြင်း၊ အစည်းအဝေးကျင်းပခြင်းနှင့် ငွေကြေးဆိုင်ရာကိစ္စရပ်များကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း(၄)
## ကောင်စီ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၉။ ကောင်စီ၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ပြည်တွင်းပြည်ပရှိ ဆေးတက္ကသိုလ်၊ ဆေးကောလိပ်တစ်ခုခုကဖြစ်စေ၊ ဆေးပညာ အတွက် ဖွဲ့စည်းထားသည့် အခြားအဖွဲ့အစည်းတစ်ခုခုကဖြစ်စေ အပ်နှင်းသည့် ဆေးပညာဘွဲ့များကို အသိအမှတ်ပြုခြင်း၊ အသိအမှတ်ပြုရန်ငြင်းပယ်ခြင်း၊

(ခ) ကောင်စီက အသိအမှတ်ပြုထားသော ဆေးပညာဘွဲ့များကို အခါအားလျော်စွာ ထုတ်ပြန်ကြေညာခြင်း၊

(ဂ) ဆရာဝန်များလိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်သိက္ခာများကို သတ်မှတ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) မှတ်ပုံတင်ဆရာဝန်စာရင်းနှင့် ဆေးကုသခွင့်လိုင်စင်ရဆရာဝန်စာရင်းများကို ပြုစု ထားရှိခြင်းနှင့် အခါအားလျော်စွာထုတ်ပြန်ခြင်း၊

(င) ဆရာဝန်များ၏ ကျန်းမာရေးစောင့်ရှောက်မှုအရည်အသွေးနှင့် အဆင့်အတန်းကို ထိန်းသိမ်းမြှင့်တင်နိုင်ရန်၊ လေ့လာဆန်းစစ်ခြင်း၊ လိုအပ်သလို ဆောင်ရွက်ခြင်း အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) နိုင်ငံတော်နှင့် ပုဂ္ဂလိကဆေးရုံများ၊ ဆေးခန်းများ၏ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်း ထိန်းသိမ်းမြှင့်တင်ရေးအတွက် လိုအပ်သောစံချိန်စံညွှန်းသတ်မှတ် ခြင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနသို့ အကြံပြုတင်ပြခြင်း၊

(ဆ) ဆေးပညာသင်ကြားမှု အဆင့်အတန်းမြင့်မားစေရေးနှင့် အရည်အသွေးပြည့်ဝသော ဆေးပညာရှင်များ ပေါ်ပေါက်စေရေးတို့အတွက် တိုးတက်ပြောင်းလဲနေသော ဆေးပညာသင်ကြားရေးစနစ်များကို လေ့လာသုံးသပ်၍ ကျန်းမာရေးဝန်ကြီးဌာနသို့ အကြံပြုတင်ပြခြင်း၊

(ဇ) နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်နှင့်အညီ ဆရာဝန်များ စဉ်ဆက်မပြတ်ဆေးပညာသင်ကြားမှု ရရှိနိုင်စေရေးအတွက် ကျန်းမာရေးဝန်ကြီး ဌာနသို့ အကြံပြုတင်ပြခြင်း၊

(ဈ) ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးပညာအဆင့်အတန်းမြင့်မားစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနသို့ အကြံပြုတင်ပြခြင်း၊

(ည) ဆရာဝန်၏ ကျင့်ဝတ်သိက္ခာများနှင့်အညီ လိုက်နာစောင့်ထိန်းရန် ပျက်ကွက်မှုများ ကို စုံစမ်းခြင်း၊ စစ်ဆေးခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း။

၁၀။ ကောင်စီ၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အောက်ဖော်ပြပါ ကော်မတီများကိုဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီအသီးသီး၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း-

(၁) မှတ်ပုံတင်လက်မှတ်နှင့် ဆေးကုသခွင့်လိုင်စင်စိစစ်ရေးကော်မတီ

(၂) ကျင့်ဝတ်သိက္ခာထိန်းသိမ်းရေးကော်မတီ

(၃) စည်းကမ်းထိန်းသိမ်းရေးကော်မတီ

(၄) စံချိန်စံညွှန်းသတ်မှတ်ရေးကော်မတီ

(၅) စဉ်ဆက်မပြတ်ဆေးပညာသင်ကြားရေးကော်မတီ

(၆) ကျန်းမာရေးကော်မတီ

(၇) အခြားလိုအပ်သောကော်မတီများ၊

(ခ) မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊ ထုတ်ပေးရန်ငြင်းပယ်ခြင်းနှင့် ပယ်ဖျက်ခြင်း၊

(ဂ) ဆေးကုသခွင့်လိုင်စင်ထုတ်ပေးခြင်း၊ ထုတ်ပေးရန်ငြင်းပယ်ခြင်း၊ ပယ်ဖျက်ခြင်းနှင့် ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း၊

(ဃ) ဆေးကုသခွင့်လိုင်စင် သက်တမ်းသတ်မှတ်ခြင်း၊ သက်တမ်းတိုးမြှင့်ပေးခြင်းနှင့် သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း၊

(င) နိုင်ငံတော်နှင့်ကောင်စီအတွက် အကျိုးပြုမည့်ကိစ္စရပ်များကို ကျန်းမာရေးဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် နိုင်ငံတကာ၊ ဒေသဆိုင်ရာနှင့် ပြည်တွင်းပြည်ပရှိ အစိုးရ ဌာန၊ အဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) မှတ်ပုံတင်ကြေး၊ လိုင်စင်ကြေး၊ ဆေးကုသခွင့်လိုင်စင်သက်တမ်းတိုးမြှင့်ကြေးနှင့် ရက်လွန်ကြေးများကို သတ်မှတ်ခြင်းနှင့် ကောက်ခံခြင်း၊

(ဆ) ကောင်စီ၏ရည်ရွယ်ချက်များ ထမြောက်အောင်မြင်စေရန် ကျန်းမာရေးဝန်ကြီးဌာနက အခါအားလျော်စွာ အပ်နှင်းသောအခြားလုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း။

## အခန်း (၅)
## ကောင်စီဝင်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ ရပိုင်ခွင့်များ

၁၁။ ကောင်စီဝင်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ ရပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) နိုင်ငံတော်က အခါအားလျော်စွာ သတ်မှတ်ထားသည့်ခံစားခွင့်များကို ရရှိနိုင်ခွင့် ရှိခြင်း၊

(ခ) တာဝန်အရ ခရီးသွားလာရပါက အမှန်တကယ်ကုန်ကျထားသည့် ခရီးစရိတ်နှင့် အခါအားလျော်စွာ သတ်မှတ်ထားသည့်နေ့တွက်စရိတ်ကို ခံစားခွင့်ရှိခြင်း၊

(ဂ) ကောင်စီနှင့်သက်ဆိုင်သောအစည်းအဝေးများ တက်ရောက်ရပါက အခါအားလျော် စွာ သတ်မှတ်ထားသည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိခြင်း။

## အခန်း(၆)
## ကောင်စီဝင်အဖြစ်မှ ရပ်စဲခြင်း

၁၂။ အောက်ပါအကြောင်းအရာတစ်ရပ်ရပ်ပေါ်ပေါက်သည့်အခါ ကောင်စီသည် ကျန်းမာရေး ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် ကောင်စီဝင်တစ်ဦးဦးက ကောင်စီဝင်အဖြစ်မှ ရပ်စဲရမည် -

(က) နုတ်ထွက်ခြင်း၊

(ခ) ကောင်စီသို့ခွင့်ပန်ခြင်းမရှိဘဲ အစည်းအဝေးတက်ရောက်ရန် ၃ ကြိမ်တိုင်တိုင် ဆက်တိုက်ပျက်ကွက်ခြင်း၊

(ဂ) ကောင်စီသို့ခွင့်ပန်ခြင်းမရှိဘဲ ပြည်ပသို့ ၆ လနှင့်အထက် ထွက်ခွာခြင်း၊

(ဃ) ဆရာဝန်မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခံရခြင်း၊

(င) ဆေးကုသခွင့်လိုင်စင်ပယ်ဖျက်ခံရခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခံရခြင်း၊

(စ) အကျင့်စာရိတ္တပျက်ပြားမှုဆိုင်ရာ ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ဖြစ်စေ၊ နိုင်ငံတော် လုံခြုံရေးကို ထိခိုက်စေနိုင်သော ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ဖြစ်စေ အရေးယူ အပြစ်ပေးခံရခြင်း၊

(ဆ) ကိုယ်ကျင့်တရားပျက်ကွက်သည်ဟု ကောင်စီက စစ်ဆေးတွေ့ရှိခြင်း။

## အခန်း (၇)
## အစည်းအဝေးကျင်းပခြင်း

၁၃။ အစည်းအဝေးများကို အောက်ပါအတိုင်း ကျင်းပဆောင်ရွက်ရမည် -

(က) ကောင်စီ၏ ပုံမှန်အစည်းအဝေးကို ၃ လလျှင် တစ်ကြိမ်ကျင်းပပြုလုပ်ခြင်းနှင့် လိုအပ်ပါက အထူးအစည်းအဝေးကျင်းပခြင်း၊

(ခ) အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးကို ၁ လလျှင်တစ်ကြိမ် ကျင်းပပြုလုပ်ခြင်းနှင့် လိုအပ်ပါက အထူးအစည်းအဝေးကျင်းပခြင်း၊

(ဂ) အလုပ်အမှုဆောင်အဖွဲ့၏ ဆောင်ရွက်ချက်များကို ကောင်စီ၏ အနီးကပ်ဆုံး ပုံမှန် အစည်းအဝေးတွင်တင်ပြ၍ အတည်ပြုချက်ရယူခြင်း။

၁၄။ ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့သည် မိမိတို့၏ ဆောင်ရွက်ချက်များကို ကျန်းမာရေး ဝန်ကြီးဌာနသို့ ၃ လလျှင် တစ်ကြိမ်ပုံမှန်အစီရင်ခံရမည်။ ထို့ပြင်လိုအပ်သလို အခါအားလျော်စွာ အစီရင်ခံနိုင်သည်။

## အခန်း (၈)
## ရုံးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် တာဝန်ပေးခြင်း

၁၅။ ကောင်စီသည် ကောင်စီနှင့်အလုပ်အမှုဆောင်အဖွဲ့တို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ရုံးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) ရုံးအဖွဲ့မှူးတစ်ဦးနှင့် ဒုတိယရုံးအဖွဲ့မှူးတစ်ဦးတို့ကို ခန့်ထားပြီး တာဝန်များ သတ်မှတ်ပေးခြင်း၊

(ခ) ဝန်ထမ်းများကို လိုအပ်သလိုဖွဲ့စည်းပြီး တာဝန်များသတ်မှတ်ပေးခြင်း။

## အခန်း (၉)
## ဘဏ္ဍာရေး

၁၆။ ကျန်းမာရေးဝန်ကြီးဌာနသည် ကောင်စီ၊ အလုပ်အမှုဆောင်အဖွဲ့နှင့် ရုံးအဖွဲ့တို့၏ ကုန်ကျစရိတ်များကို ကျခံရမည်။

၁၇။ ကောင်စီသည် ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းနှင့် အလှူရှင်များထံမှ အလှူငွေများ၊ ပစ္စည်းများနှင့် အခြားအကူအညီများကို ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် လက်ခံနိုင်သည်။

၁၈။ ကောင်စီသည် ရငွေ၊ သုံးငွေများကိုတည်ဆဲ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ လက်ခံခြင်း၊ သုံးစွဲခြင်းနှင့် စာရင်းထိန်းသိမ်းထားရှိခြင်းများ ပြုလုပ်ရမည်။

## အခန်း (၁၀)
## ဆရာဝန်မှတ်ပုံတင်လက်မှတ်

၁၉။ မှတ်ပုံတင်လက်မှတ်ရရှိလိုသော အောက်ပါပုဂ္ဂိုလ်တစ်ဦးဦးသည် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည် -

(က) ပြည်တွင်းဆေးတက္ကသိုလ် တစ်ခုခုက အပ်နှင်းသည့် ဆေးပညာဘွဲ့ရရှိသူ၊

(ခ) ပြည်ပဆေးတက္ကသိုလ်၊ ဆေးကောလိပ်တစ်ခုခုကဖြစ်စေ၊ ဆေးပညာအတွက် ဖွဲ့စည်းထားသည့်အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ အပ်နှင်းပြီး ကောင်စီကလည်း အသိအမှတ်ပြုထားသည့် ဆေးပညာဘွဲ့ရရှိသူ၊

(ဂ) ပြည်ပဆေးတက္ကသိုလ်၊ ဆေးကောလိပ်တစ်ခုခုကဖြစ်စေ၊ ဆေးပညာအတွက် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ အပ်နှင်းပြီးကောင်စီက အသိအမှတ်ပြုထားခြင်းမရှိသေးသော ဆေးပညာဘွဲ့ရရှိသူ။

၂၀။ ကောင်စီသည် ပုဒ်မ ၁၉ အရ လျှောက်ထားသည့် လျှောက်လွှာကို သတ်မှတ်ချက်များနှင့် အညီ စိစစ်ပြီး မှတ်ပုံတင်ကြေးပေးသွင်းစေ၍ မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၂၁။ ကောင်စီသည် မှတ်ပုံတင်ဆရာဝန်တစ်ဦးဦးနှင့် ပတ်သက်၍ အောက်ပါအချက်တစ်ရပ်ရပ် ပေါ်ပေါက်ကြောင်း စစ်ဆေးတွေ့ရှိပါက မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ရမည် -

(က) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးသုံးစွဲနေခြင်း၊

(ခ) ဆရာဝန်တစ်ဦး၏ ကျင့်ဝတ်သိက္ခာနှင့် သက်ဆိုင်သည့်အပြင် ဆရာဝန်အဖြစ်လည်း ဆက်လက်ထမ်းဆောင်ရန်မသင့်ဟု ကောင်စီက သတ်မှတ်သည့်ပြစ်မှုတစ်ရပ်ရပ် ဖြင့် တရားရုံး၏ ပြစ်မှုထင်ရှားစီရင်ခြင်းကို ခံရခြင်း၊

(ဂ) တရားရုံး၏ ပြစ်မှုထင်ရှားစီရင်ခြင်းကို မခံရစေကာမူ ဆရာဝန်တစ်ဦး၏ ကျင့်ဝတ်သိက္ခာပျက်ယွင်း၍ ဆရာဝန်အဖြစ် ဆက်လက်ထမ်းဆောင်ရန်မသင့်ခြင်း၊

(ဃ) နိုင်ငံသားအဖြစ်ကို စွန့်လွှတ်ခြင်း၊ နိုင်ငံသားအဖြစ်မှ ရပ်စဲခံရခြင်း၊ သို့မဟုတ် ရုပ်သိမ်းခံရခြင်း၊ အခြားနိုင်ငံ၏ နိုင်ငံသားအဖြစ် ခံယူခြင်း။

## အခန်း (၁၁)
## ဆေးကုသခွင့်လိုင်စင်

၂၂။ မှတ်ပုံတင်ဆရာဝန်သည် ဆေးကုသသည့်လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လိုပါက အထွေထွေဆေးကုသခွင့်လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၂၃။ ကောင်စီသည် ပုဒ်မ ၂၂ အရ လျှောက်ထားသည့် လျှောက်လွှာကို စိစစ်ပြီး လိုင်စင်ကြေးပေးသွင်းစေ၍ အထွေထွေဆေးကုသခွင့်လိုင်စင်ကို ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၂၄။ အထွေထွေဆေးကုသခွင့်လိုင်စင်ရရှိထားပြီး သတ်မှတ်သည့်အရည်အချင်းနှင့် ပြည့်စုံသောမှတ်ပုံတင်ဆရာဝန်သည် အထူးဆေးကုသခွင့်လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့လျှောက်ထားနိုင်သည်။

၂၅။ ကောင်စီသည် ပုဒ်မ ၂၄ အရ လျှောက်ထားသည့် လျှောက်လွှာကိုစိစစ်ပြီး လိုင်စင်ကြေးပေးသွင်းစေ၍ အထူးဆေးကုသခွင့်လိုင်စင်ကို ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၂၆။ နိုင်ငံခြားသားဆရာဝန်သည် မြန်မာနိုင်ငံတွင် ဆေးကုသသည့်လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လိုပါက ကန့်သတ်ဆေးကုသခွင့် လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၂၇။ ကောင်စီသည် ပုဒ်မ ၂၆ အရ လျှောက်ထားသည့်လျှောက်လွှာကို စိစစ်ပြီး လိုင်စင်ကြေးပေးသွင်းစေ၍ ကုသခွင့်ရှိသော ဆေးပညာဘာသာရပ်အမျိုးအစား၊ ကုသခွင့်ရှိသော နေရာဒေသနှင့် အချိန်ကာလများကို ကန့်သတ်လျက် ကန့်သတ်ဆေးကုသခွင့်လိုင်စင်ကို ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၂၈။ ဆေးကုသခွင့်လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် မိမိ၏ဆေးကုသသည့် လုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုသော အထွေထွေဆေးကုသခွင့်လိုင်စင် သို့မဟုတ် အထူးဆေးကုသခွင့်

လိုင်စင်ရရှိသူသည် ဆေးကုသခွင့်လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် သက်ဆိုင်ရာဆေးကုသခွင့်လိုင်စင်သက်တမ်းမကုန်ဆုံးမီ သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၂၉။ ကောင်စီသည် ပုဒ်မ ၂၈ အရ ဆေးကုသခွင့်လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားသည့်လျှောက်လွှာကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သက်တမ်းတိုးမြှင့်ပေးခြင်း သို့မဟုတ် သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၃၀။ ကောင်စီသည် ဆေးကုသခွင့်လိုင်စင်ရ ဆရာဝန်တစ်ဦးဦးနှင့် ပတ်သက်၍ အောက်ပါအချက်တစ်ရပ်ရပ်ပေါ်ပေါက်ကြောင်း စစ်ဆေးတွေ့ရှိပါက ဆေးကုသခွင့်လိုင်စင်ကို ပယ်ဖျက်ခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်းပြုနိုင်သည်-

(က) ဆရာဝန်မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခံရခြင်း၊

(ခ) စိတ်ရောဂါစွဲကပ်ခြင်း၊ အသိဉာဏ်ပညာပျက်ယွင်းခြင်း သို့မဟုတ် ကိုယ်အင်္ဂါချွတ်ယွင်းခြင်းကြောင့် ဆရာဝန်တစ်ဦး၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်စွမ်းမရှိခြင်း၊

(ဂ) နိုင်ငံတော်က ပေးအပ်သောတာဝန်ကို ထမ်းဆောင်ရန်ပျက်ကွက်ခြင်း၊

(ဃ) ဆရာဝန်တစ်ဦး၏တာဝန်ဝတ္တရားများကို မဆင်မခြင်ပေါ့လျော့စွာ ဆောင်ရွက်ခြင်း၊

(င) ဆရာဝန်တစ်ဦး၏ ကျင့်ဝတ်သိက္ခာနှင့်အညီ လိုက်နာစောင့်ထိန်းမှုမရှိခြင်း၊

(စ) ဆရာဝန်တစ်ဦး၏ အရည်အသွေးနှင့်အညီ လုပ်ဆောင်နိုင်စွမ်းမရှိခြင်း၊

(ဆ) ကောင်စီက သတ်မှတ်သောကာလအတွင်း လုံလောက်သောအကြောင်းပြချက်မရှိဘဲ ဆေးကုသခွင့်လိုင်စင် သက်တမ်းတိုးမြှင့်ရန် ပျက်ကွက်ခြင်း။

## အခန်း (၁၂)
## မှတ်ပုံတင်ဆရာဝန်နှင့် ဆေးကုသခွင့်လိုင်စင်ရ ဆရာဝန်၏ တာဝန်နှင့် ရပိုင်ခွင့်များ

၃၁။ မှတ်ပုံတင်ဆရာဝန်သည် -

(က) ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

(ခ) ကောင်စီက သတ်မှတ်သည့်ဆရာဝန်၏ ကျင့်ဝတ်သိက္ခာများကို လိုက်နာစောင့်ထိန်းရမည်။

(ဂ) ကောင်စီ၏လုပ်ငန်းတာဝန်များ တိုးတက်အောင်မြင်စေရေးအတွက် ကောင်စီသို့ အကြံပြုခွင့်ရှိသည်။

(ဃ) မိမိ၏နစ်နာချက်များကို ကောင်စီသို့ တင်ပြခွင့်ရှိသည့်ပြင် ကောင်စီ၏ အကြံဉာဏ်ကိုလည်း ရယူနိုင်ခွင့်ရှိသည်။

၃၂။ ဆေးကုသခွင့်လိုင်စင်ရဆရာဝန်သည် မိမိရရှိထားသော ဆေးကုသခွင့်လိုင်စင်အမျိုးအစားအရ ဆေးကုသခြင်းကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခွင့်ရှိသည်။

၃၃။ ဆေးကုသခွင့်လိုင်စင်ရဆရာဝန်သည် ပုဒ်မ ၄၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၁၃)ပါကောင်စီဝင်ရွေးချယ်တင်မြှောက်ရာတွင် -

(က) ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

(ခ) ကောင်စီက သတ်မှတ်ထားသည့်အရည်အချင်းပြည့်မီလျှင် ကောင်စီဝင်အဖြစ်ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။

## အခန်း (၁၃)
## အယူခံခြင်း

၃၄။ အလုပ်အမှုဆောင်အဖွဲ့က ပုဒ်မ ၂၀ အရဖြစ်စေ၊ ပုဒ်မ ၂၃ အရဖြစ်စေ၊ ပုဒ်မ ၂၅ အရဖြစ်စေ၊ ပုဒ်မ ၂၇ အရဖြစ်စေ၊ ပုဒ်မ ၂၉ အရဖြစ်စေ၊ ဆေးကုသခွင့်လိုင်စင်ကို ၅ နှစ် အောက်ရုပ်သိမ်း ကြောင်း ပုဒ်မ ၃၀ အရဖြစ်စေ ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူ သည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သောနေ့မှ ရက်ပေါင်း ၆၀ အတွင်း ကောင်စီသို့ အယူခံနိုင်သည်။

၃၅။ ပုဒ်မ ၃၄ အရ အယူခံရာတွင် ချမှတ်သောကောင်စီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။
၃၆။ အလုပ်အမှုဆောင်အဖွဲ့က ပုဒ်မ ၂၁ အရဖြစ်စေ၊ ဆေးကုသခွင့်လိုင်စင်ကို ၅ နှစ်နှင့်အထက် ရုပ်သိမ်းကြောင်း သို့မဟုတ် ပယ်ဖျက်ကြောင်း ပုဒ်မ ၃၀ အရဖြစ်စေ ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သောနေ့မှ ရက်ပေါင်း ၆၀ အတွင်း ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးထံ အယူခံနိုင်သည်။
၃၇။ ပုဒ်မ ၃၆ အရ အယူခံရာတွင် ချမှတ်သော ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၁၄)
## တားမြစ်ချက်နှင့် ပြစ်ဒဏ်များ

၃၈။ မည်သူမျှ ဤဥပဒေအရ ကောင်စီက ထုတ်ပေးသော ဆေးကုသခွင့်လိုင်စင်မရှိဘဲ ဆေးကုသခြင်းမပြုရ။
၃၉။ မည်သည့်ဆေးကုသခွင့်လိုင်စင်ရ ဆရာဝန်မျှ ဆေးကုသသည့်လုပ်ငန်းဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဆေးကုသသည့်လုပ်ငန်းအလိုက် ကျွမ်းကျင်မှုရှိကြောင်း သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းက ထုတ်ပေးသည့်လိုင်စင်၊ မှတ်ပုံတင်လက်မှတ်၊ ခွင့်ပြုချက်၊ သင်တန်းဆင်းလက်မှတ် သို့မဟုတ် အထောက်အထားရရှိသူမှအပ အခြားသူကို တာဝန်ပေးဆောင်ရွက်စေခြင်း မပြုရ။
၄၀။ မည်သည့်မှတ်ပုံတင်ဆရာဝန်မျှ မိမိရရှိသော ဘွဲ့၊ အဆင့်၊ ကျွမ်းကျင်မှုဆိုင်ရာပညာတို့နှင့် မလျော်ညီသော အခေါ်အဝေါ်စကားရပ်များကို မိမိ၏အမည်နှင့် ယှဉ်တွဲ၍ သုံးနှုန်းခြင်းမပြုရ။
၄၁။ မည်သူမဆို ပုဒ်မ ၃၈ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၅ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၄၂။ မည်သည့်ဆေးကုသခွင့်လိုင်စင်ရ ဆရာဝန်မဆို ပုဒ်မ ၃၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၅ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၃။ မည်သည့်မှတ်ပုံတင်ဆရာဝန်မဆို ပုဒ်မ ၄၀ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန် ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၅)

## အထွေထွေ

၄၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဆေးကုသခွင့်ရှိသူ များနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၄၅။ ဆေးကုသခွင့် လိုင်စင်ရဆရာဝန်က ကိုယ်တိုင်လက်မှတ်ရေးထိုးခြင်း မရှိသော ဆေးလက်မှတ်သည် တရားဝင်ဆေးလက်မှတ်ဖြစ်သည်ဟု မမှတ်ယူရ။

၄၆။ ဤဥပဒေပုဒ်မ ၄၂ သို့မဟုတ် ပုဒ်မ ၄၃ အရ ပြစ်မှုကျူးလွန်သူကို တရားစွဲဆိုရာတွင် ကျန်းမာရေးဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၄၇။ ၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံတော်ဆေးဘက်ဆိုင်ရာ အက်ဥပဒေအရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက် ကျင့်သုံးနိုင်သည်။

၄၈။ ကောင်စီသည် ၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံတော်ဆေးဘက်ဆိုင်ရာအက်ဥပဒေအရ ဖွဲ့စည်း ထားသော ပြည်ထောင်စုမြန်မာနိုင်ငံဆေးကောင်စီပိုင် ရန်ပုံငွေများကိုလည်းကောင်း၊ ရွှေ့ပြောင်းနိုင် သော ပစ္စည်းနှင့် မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကိုလည်းကောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများကို

လည်းကောင်း၊ ဆောင်ရွက်ပြီးလုပ်ငန်းများကိုလည်းကောင်း၊ ရပိုင်ခွင့်နှင့် ပေးရန်တာဝန်များကို လည်းကောင်း အသီးသီးဆက်ခံရမည်။

၄၉။ ၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံတော်ဆေးဘက်ဆိုင်ရာအက်ဥပဒေအရ ဖွဲ့စည်းထားသော ပြည်ထောင်စုမြန်မာနိုင်ငံဆေးကောင်စီသည် ဤဥပဒေအရ မြန်မာနိုင်ငံဆေးကောင်စီမဖွဲ့စည်းမီ ယင်း၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆက်လက်ဆောင်ရွက်ခွင့်ရှိသည်။

၅၀။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် -

(က) ကျန်းမာရေးဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကျန်းမာရေးဝန်ကြီးဌာနနှင့် ကောင်စီတို့သည် လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၅၁။ ၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံတော်ဆေးဘက်ဆိုင်ရာအက်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

(ပုံ) သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ